# နွေးသီး

အပါအဝင်

## လက်ဆောင်အတွေးပါးပါးရသစာစုများ

ကိုပေါက် (မွန္တလေး)



နွေးသီး

ကိုပေါက် (မန္တလေး)

နားစည်ကိုထွင်း

နှလုံးသားအတွင်းဝင်

သွေးကြောထဲ လှည့်ပတ်

ဦးနှောက်တွင် ရပ်တန့်နေသော ...

***

## အပိုင်း(၁)

## ဘဝအစ ရင်ထဲက သီချင်းများ

ကျွန်တော်ရဲ့ ငယ်စဉ်ဘဝကတည်းကစလို့ ခုထိ မကင်းနိုင်တာ လေးကို ပြောပြပါဆိုရင် ကျွန်တော်ကတော့ ထမင်းကလွဲရင် သီချင်းလို့ ပြောရမှာပါပဲ။

အခု ကျွန်တော် ပြောပြချင်တာလေး ကလည်း ကျွန်တော်ငယ်စဉ် ကစလို့ ကြားဖူးခဲ့၊ ဘဝနဲ့ယှဉ်လို့ နှစ်သက်ခဲ့တဲ့ သီချင်းမှတ်တမ်းလေး လို့လည်း ပြောရင်ရပါတယ်။ ကျွန်တော်ပြောပြတဲ့ သီချင်းလေးတွေက ကောင်းတယ်၊ ကျန်တာတွေ မကောင်းဘူးလို့လည်း မဆိုလိုပါဘူး။ ကျွန်တော့်ရင်ကို လာငြိတဲ့ ဟတ်ထိလို့ မှတ်မိနေတဲ့ သီချင်းလေးတွေကို ပြောပြချင်လွန်းလို့ပါ။

ဟိုအရင် နားထောင်စကတော့ သီချင်းနာမည်တွေရယ် ဘယ်သူ ဆိုခဲ့တယ် ဆိုတာကိုတော့ ဘယ်သိမလဲပေ့ါ။ ဒါတွေက ကြီးမှ ဘယ် သီချင်းကို

ဘယ်သူတွေ ဆိုတယ်ဆိုတာကို သိလာရတာပါ။ ငယ်ငယ်တုန်း ကတော့ ကြိုက်သာကြိုက်လိုက်တာ သီချင်းနာမည်လည်း မသိ၊ ဘယ်သူ ဆိုတာလည်းမသိ၊ ဘယ်သူရေးတယ်ဆိုတာကတော့ ပိုဝေးပေါ့ဗျာ။ ပထမ ဆုံးစ ပြောမယ်ဆိုရင် စကားမပီတပီ ပြောတတ်စမှာ စတင်လို့သိတဲ့ သီချင်း လေးကတော့ လက်ပံပွင့်တွေ လေအတိုက် ကြွေလိုက်တဲ့အခါ တဝဲဝဲ လွင့်လို့ လေယာဉ်ပမာဆိုတဲ့ စာသားလေးပါတဲ့ ပိုးအိစံရဲ့ဖေဖေ သန်းထွန်း လေးရဲ့မမေ့သောအညာ သီချင်းလေးပေ့ါ။ ကျွန်တော်တို့ အိမ်မှာ ESB လို့ တံဆိပ်တပ်ထားတဲ့ ရက်ကော်ဒါကြီးတစ်လုံး ရှိပါတယ်။ ဒီကောင်ကြီး က အသံလည်း ဖမ်းလို့ရတယ်လေ။

'ရက်ပန်ပွင့်တွေ ရေအတိုက် ကြေရိုက်တဲ့အခါ' လို့ ကျွန်တော်ရဲ့ ပိုးစားလို့ကျိုးနေတဲ့ သွားကျိုးလေးက လေထွက်တဲ့အသံနဲ့ သန်းထွန်း လေးရဲ့သီချင်းကို မပီမသဆိုတာကိုပဲ အိမ်က လူကြီးတွေက လက်ခုပ် တွေ ဝိုင်းတီးပေး၊ အသံဖမ်းထားပြီး နောက်ပြီးတော့မှ ပြန်ဖွင့်ပြကြ၊ ရယ်လိုက်ကြနဲ့ လုပ်ခဲ့ကြတာလေးကို အခု ပြန်တွေးမိတာတောင် စိတ်ထဲ မှာ ကြည်နူးမိပါတယ်။

နောက် ကျွန်တော် သုံးနှစ်သားလောက်မှာ အိမ်က အမရပူရလို့ လည်းခေါ် ကျွန်တော်တို့ မန္တလေးသားတွေကတော့ တောင်မြို့လို့ခေါ်တဲ့ မြို့ကိုပြောင်းနေဖြစ်ကြပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့အိမ်ရဲ့ မြောက်ဘက်ကပ်ရက်က မမငွေတို့အိမ်ပါ။ ကျွန်တော်တို့ သူတို့အိမ်နားကို ရောက်တဲ့အချိန်တုန်းက မမငွေက အိမ်ထောင်ကျစ၊ သူ့အမျိုးသားက တပ်မတော်သား အရာရှိတစ်ယောက်ပါ။ သူ့အမျိုးသားက ရှေ့တန်းထွက်သွားတော့ သူက သူ့အိမ်က ချည်ထည် ဆေးဆိုးတဲ့လုပ်ငန်းကို လုပ်ရင်း ကျန်နေခဲ့ပါတယ်။ သူတို့အိမ်က ရက်ကန်းစင်လည်း ထောင်ထားပါတယ်။

သူတို့မိသားစုက ကလေးချစ်တတ်တဲ့အပြင် အနီးအနားမှာ ကလေးက

လည်း ကျွန်တော်တစ်ယောက်တည်းဆိုတော့ သူတို့ ကျွန်တော့်ကို မနက်က စပြီး ခေါ်ထားလိုက်တာ ညအိပ်ချိန်မှ ပြန်ပို့ပေးတာပါ။ ဒီတော့လည်း ကျွန်တော်က သူတို့အိမ်မှာ အမြဲနေရသလို ဖြစ်နေပါတယ်။ နေ့လယ် ရောက်ရင် ထမင်းစားပြီးတာနဲ့ မမငွေက ကျွန်တော့်ကို သူ့ရင်ခွင် ထဲထည့် လို့ သီချင်းလေးဆိုပြီး သိပ်ပါတယ်။ မမငွေ ဆိုနေကျသီချင်းကတော့ အလွန်အေးတဲ့ရာသီ၊ အလွန်ချမ်းတဲ့ရာသီ မယ်တစ်ရွာမောင်တစ်မြို့တော့ နေလို့လည်း မဖြစ်နိုင်ပါပြီဆိုတဲ့ သီချင်းလေးပေါ့။ အရင်ကတော့ ဘယ်သူဘယ်ဝါ ဆိုမှန်းမသိပေမယ့် အဆိုတော်ကြီး 'မေလှမြိုင်' ဆိုထားတဲ့ ဆောင်းအမီဆိုတဲ့ သီချင်းလေးဆိုတာကို နောင် ကြီးလာမှ သိရပါတယ်။

သည်သီချင်းကို ပြန်ဆိုတဲ့သူ အများကြီး နားထောင်ဖူးပေမယ့် မေလှမြိုင် လို ကောင်းအောင် ဆိုနိုင်သူကတော့ ခင်ညွန့်ရည်ပဲ ရှိပါတယ်။ ဝမ်းနည်း စရာ ကောင်းတာက ကျွန်တော်တို့ တောင်မြို့ကနေ မန္တလေး ၁၆လမ်းအိမ် ကို ပြန်ပြောင်းလာလို့ တစ်နှစ်လောက်အကြာမှာ မမငွေကလည်း လက်မှာ နှင်းခူပေါက်ရာကနေ သွေးမိ မန်းဝင်လို့ ကွယ်လွန်သွားသလို သူ့အမျိုးသား ကလည်း ရှေ့တန်းမှာ တိုက်ပွဲကျသွားတယ်လို့ သိရပါတယ်။ သည်ဆောင်း အမီ သီချင်းလေးကို ကြားမိတိုင်း မမငွေကို လွမ်းပါတယ်။

ကျွန်တော်တို့ မြောက်ပြင် ၁၆ လမ်း အခု ရွှေဘဲစားသောက်ဆိုင် ဖွင့်ထား တဲ့ဆိုင်ရဲ့ အနောက်ဘက် နှစ်အိမ်ကျော်ကို ပြန်ပြောင်းပြီး နေခဲ့ပါတယ်။ အခု တောင်ကြီးမှာ ဆရာဝန် အဖြစ်နဲ့နေတဲ့ အဖေ့ညီအငယ်ဆုံး ကျွန်တော့် ဦးလေးက သူ ကျောင်းပိတ်ရက်ဆိုရင် သူ့စက်ဘီးရှေ့ ဘားတန်းပေါ်ကို ကျွန်တော့်ကို တင်လို့ မြို့မတီးဝိုင်းရှိတဲ့နောက်ကို လိုက်လို့ အရပ်တကာလှ ည့်ပြီး နားထောင်တတ်ကြပါတယ်။ ဘယ်လိုအဓိပ္ပာယ်ရှိ တယ်ဆိုတာကို ငယ်သေးလို့ မသိပေမယ့် 'အခါတော်ရောက်ချိန်နီးလို့ လာပေ ဒေါ်ဒေါ် မမ

နှမတို့ရေ အဝေးကချစ်မိတ်ဆွေ ခေတ္တခွဲလို့နေ’ ဆိုတဲ့ သံပြိုင် အပိုဒ်ကို ရောက်ရင် ရင်ထဲမှာ ခံစားမှုတစ်ခု ရောက်လာစေတတ်တဲ့ ပြည်တော်ဝင် ဆိုတဲ့ သီချင်းလေးပါ။ နောက် မန္တလေးသားဆိုတော့လည်း မန္တလေး စာသားပါတဲ့ သီချင်းမှန်သမျှကို နှစ်သက်တတ်ပါတယ်။ မြို့ချစ်စိတ် ဆိုတာ လေး ရင်ထဲမှာ ကိန်းအောင်းတယ်ဆိုမှ မျိုးချစ်စိတ်ဆို တာက နောက်က ကပ်လိုက်လာမှာကိုး။

ဦးဘိုခင် ထောင်ထားတဲ့ မိုးကေသီအဖွဲ့လည်း အဲဒီအချိန်မှာ မြို့မအသင်းနဲ့ အပြိုင်အသင်းတစ်ခုပါ။ အဲဒီအသင်းက ဆိုလေ့ရှိတဲ့ သီချင်းကတော့ သာယာကာ စိုပြည်သာမော ရှုကြည့်စရာ့ အထွေထွေလို့ စာသားပါတဲ့ သီချင်းရယ်။ မန္တလေးမြေ တောင်ပေါ်မှာလေ ပျော်စရာမို့ သွားကြစို့လေလို့ မန္တလေးကို ဖိတ်ခေါ်ထားတဲ့ သီချင်းလေးတွေပါ။ ကျွန်တော်တို့ ငယ်ငယ်က မန္တလေးမှာ နာမည်ကြီး အဆိုတော် ဦးဖူးအံ့ဆိုတာ ရှိပါတယ်။

သူဆိုတဲ့ သီချင်းတွေများစွာထဲက ရင်ထဲမှာငြိနေ၊ ခုတောင် ပြန်စဉ်းစား ရင် ကြားနေတဲ့ သီချင်းလေးတစ်ပုဒ် ရှိပါတယ်။ ‘ကွမ်းနဲ့အချစ်’ဆိုတဲ့ ချစ်သူ နဲ့ ကွမ်းယာ ဘယ်သူ့ကို ပိုချစ်လဲလို့ မေးထားတဲ့ ခပ်ရွှင်ရွှင်လေး ဆိုထားတဲ့ သီချင်းလေးပါ။ သီချင်းလေး အဆုံးမှာကတော့ ‘လရောင်ရိပ်မှာ ပုလင်း ဆေးနဲ့ကွမ်းလေး ယူခဲ့ပါ’ လို့ ချစ်သူကို အမှာပါးတဲ့ ကွမ်းကြိုက်တဲ့ သူတစ် ယောက် အကြောင်းလေးကို ဖွဲ့ထားတာပါ။

နောက်အိမ်မှာ ကျွန်တော့် အဖေတို့၊ အမေတို့ အလုပ်လုပ်ရင်း သံပြိုင်ဆို ကြတဲ့ သီချင်းလေး ကတော့ မန္တလေးမြို့အကြောင်း ဆိုတဲ့ သီချင်းထဲမှာ နာမည်အကြီးဆုံး လူကြိုက်အများဆုံးလို့ ဆိုနိုင်တဲ့ ‘မစိမ်းစိမ်း’ ဆိုထားတဲ့ ‘ရွှေမန်းဆီသို့’ သီချင်းပါ။ ‘ဒါတွေစုံပါပြီ မြို့တွင်းကို လှည့်မည်’ ဆိုတဲ့နေရာ ကို ရောက်ရင် အဖေနဲ့အမေ ပြိုင်တူဆိုကြတာလေးကို မှတ်မိနေပါသေး

တယ်။

တစ်ခါတလေ ၂၅လမ်း ကျုံးဘေးမှာနေတဲ့ အဖေ့ရဲ့အမေအိမ်ကို ကျွန်တော် လိုက်နေတတ်ပါတယ်။ အဘွားက ရုပ်ရှင်ကြိုက်တော့ ကား အသစ်လဲတိုင်း အဘွားနဲ့ သွားကြည့်ပါတယ်။ ၂၆-၂၇ လမ်းကြား လမ်း ၈၀ ပေါ်က ရွှေတိုက်ဝင်းဆိုတဲ့ ဝင်းထဲမှာရှိတဲ့ ရွှေတိုက်ရုပ်ရှင်ရုံမှာ အမြဲ ဖွင့် နေကျ လိုက်ဆိုလို့ကောင်းသော သီချင်းလေးကတော့ ဝင်းဦးရဲ့ 'အိုး… မေဘာ ရဏီလို ရွှေပန်းချီတောင် လက်မှိုင်ချရသကိုး မမမိုး' ဆိုတဲ့ စာသားလေး တွေပါတဲ့ မြူးကြွနေတဲ့ ဘိုဆန်ဆန်သီချင်းလေးပါပဲ။

နောက် ဒီလမ်း ၈၀ ပေါ်မှာပဲ ၂၇-၂၈ လမ်းကြားမှာရှိတဲ့ ရွှေနဂါး ရုပ်ရှင်ရုံ ကတော့ ရုပ်ရှင်မပြသေးခင်မှာ အမြဲဖွင့်ထားတဲ့သီချင်းကတော့ ဝင်းဦးရဲ့ အလွန်မင်္ဂလာရှိသော 'သောင်းဇမ္ဗူ ပေါ် တောင်းဆုခြွေကာရည် မျှော် စည်းစိမ်ဥစ္စာများ ကြွယ်ဝတိုးတက်စေသား' စာသားပါတဲ့ 'မင်္ဂလာ ဆုတောင်း' သီချင်းလေးပါ။ နောက် မှတ်မိနေတဲ့သီချင်းလေးက ဝင်းဦးရဲ့ ရှမ်းမလေးတွေ ဟန်ပြတာတောင် မာနက တထောင်ထောင် ဆိုတဲ့ 'ဘော် ကြိုသဘင်'နဲ့ 'အို…မောင် နော်ဇာရွှေကုံး ဂမုန်းခိုင်ရေ…' ဆိုတဲ့ 'မောင်တို့ ချယ်ရီမြေ'သီချင်းလေးပါ။

နောက် ကျွန်တော်တို့အဖေက မီးရထားဝန်ထမ်းဆိုတော့ မြစ်ငယ်မြို့ကို ပြောင်းလာခဲ့ကြပါတယ်။ ဝန်ထမ်းတွေအတွက် ပေးထားတဲ့ ပုဆစ်တုပ် အိမ်ခန်းလေးတွေမှာ နေရတာလေ။ အဲဒီတုန်းက နားဆင်စရာဆိုတာ ရေဒီယိုပဲရှိတာလေ ဒါတောင် အိမ်တိုင်းမရှိပါဘူး။ ဝါသနာပါတဲ့သူရဲ့ အိမ်နဲ့ တတ်နိုင်သူတွေရဲ့အိမ်မှာပဲ ရှိတာ။ ကျွန်တော်တို့အိမ်မှာတော့ မရှိဘူး၊ မ ဝယ်နိုင်လို့ပေါ့။ ကျွန်တော်တို့ အခန်းရဲ့အရှေ့ဘက်က ဆရာမတို့ လင်မယား အိမ်မှာတော့ ရှိတယ်။ သူတို့ကလည်း သီချင်းကြိုက်တော့ အိမ်မှာ သူတို့ရှိ

တယ်၊ ရေဒီယိုလာချိန်ဆို အမြဲဖွင့်ထားတာပါပဲ။ အဲဒီတုန်းက အမြဲကြားနေရတဲ့ သီချင်းလေးကတော့ 'ဂျုံးဂျုံးဂျက် အော်သံပေးရထား လေးသည်' ဆိုတဲ့စာသားပါတဲ့ သီချင်းလေးပေါ့။ ကိုယ့်အဖေကလည်း မီးရထားဝန်ထမ်းဆိုတော့ ဒီသီချင်းလေးလာရင် လိုက်ဆိုရတာ အမောပါ။

ကျွန်တော်တို့ မြစ်ငယ်မှာနေတုန်းက စနေ၊ တနင်္ဂနွေဆိုရင် ရုပ်ရှင်ပြပါတယ်။ အမိုးမပါ အကာပဲရှိတဲ့ ညမှသာ ပြလို့ရတဲ့ ကြယ်မြင် လမြင်ရုံပေါ့။ အဲဒီရုံမှာက ရုပ်ရှင်မပြမချင်း ဓာတ်စက်နဲ့ သီချင်းဖွင့်ထားတာကိုး။ 'ကေသီနွယ် အုံးစက်ပါ ဘုန်းလက်ယာဖြင့် အနားဝယ် သည်မြိုင် တောင်ခြေတန်းမောင်ထမ်းခေါ်မယ်' တို့၊ 'အဆင်းနဲ့ပြည့်စုံလို့ပင် မြတ်မျိုး မြင့်မှန်သူပင် စိတ်ထားက ဖြူရှင်းသန့်စင်' တို့ပါတဲ့ ကိုကျော်ညွန့်ရဲ့ 'အုန်းစက်ပါ ဘုန်းလက်ယာ' တို့၊ 'ပပဝင်းဝင်း' တို့ 'ချစ်သူကိုယ်စား' သီချင်းတွေပါ။ အဲဒီအချိန်တုန်းကလောက်ပဲ ဖြစ်မယ်ထင်ပါတယ်။ ကောင်းဘွိုင် ဦးထုပ်ကြီးနဲ့ ဂိုက်ပေးတတ်တဲ့ အကော်ဒီယံအုန်းကျော်ရဲ့ 'မိုးသံလေသံကြားရပြန်တော့' လို့ဆိုတဲ့' 'မိုးလုံးပတ်လည်' တို့ 'ရှာပုံတော် ကျူး ကျူးလို့ပင်' ဆိုတဲ့ စာသားလေးတွေပါတဲ့ 'နန်းပွင့်ရွှေကြာ' သီချင်းလေးတွေပါ။ အဲဒီတုန်းက ကျွန်တော် နှစ်တန်းကျောင်းသားလေး ဖြစ်နေပါပြီ။

နောက် ကျွန်တော်တို့မိသားစု မြစ်ငယ်ကနေပြီး ၂၂ စီလမ်းရဲ့ အနောက်ပိုင်း ရွှေတစ်ချောင်း မြောင်းရဲ့ အောက်ပိုင်းမှာရှိတဲ့ တောင်ပုလင်းဝင်း ဆိုတဲ့ အမေ့ရဲ့မိဘတွေရှိရာ အရပ်ကို ပြန်ပြောင်းလာကြပါတယ်။ အဲဒီတုန်းက ကျွန်တော် သုံးတန်းကို ရောက်ပါပြီ။ အဲဒီအချိန်မှာ နာမည်ကြီးတာကတော့ 'ကိုသိန်းတန်၊ ကိုသိန်းတန် စိုး သင်္ဘောပေါ်တက်ခဲ့မယ်' ဆိုတဲ့ 'စိုးမိုးမေတ္တာ' အသံလွှင့်ဓာတ်ပြား ဇာတ်ထုပ်ထဲက သီချင်းတွေတို့၊ 'ခေါင်းလောင်းထိုးသံ ဘယ်သူ့ကံ' ဆိုတဲ့ ဓာတ်ပြားထဲက 'မောင်လာမယ်ဆို

ဆို ပျိုစောင့်လို့ကြို’ ဆိုတဲ့ သီချင်းလေးတွေပါ။

နောက် ကလေးတုန်းက ဘာမသိညာမသိနဲ့ အော်ဆိုတတ်တဲ့ သီချင်းကတော့ (မေဓာဝီ)ပြဇာတ်ထဲမှာပါတဲ့ ‘အိုမောင်တော် ရွှေသမင်ဖိုကြီး ရေ’ ဆိုတဲ့ စာသားကလေးကိုပါ။ နောက် ကျွန်တော် ငါးတန်းခြောက်တန်းလောက်မှာတော့ အမြဲကြားနေရတာကတော့ မြန်မာပြည်မှာ တောရောမြို့ပါ ပြိုင်ဘက်မရှိခဲ့တဲ့ တွံတေးသိန်းတန်ရဲ့ သီချင်းလေးတွေပါ။ ကျွန်တော်တို့မြို့သားတွေက တောသီချင်းလို့ သတ်မှတ်ခဲ့ကြတဲ့ သီချင်းလေးတွေပေါ့။

ကျွန်တော့်ရင်ထဲကို လာငြိနေတဲ့ သီချင်းလေးတွေကတော့ ‘ကျောင်းဖွင့်ချိန် စိန်ပန်းတွေလည်း မြေမှာကြဲပြန့်နေ’ လို့ဆိုတဲ့ ချစ်ရက်ရှည် ရှည်အင်းလျားမြေတို့ ‘ကန်ပတ်လည် ခရေရိပ် ရွာထိပ်က ကျောင်းတော် ကန်နံ့ဘေးဝယ်’ အစချီတဲ့ ‘ကိုယ်ရယ်မင်းရယ် ပိတောက်ရယ်’ ပါပဲ။ နောက်တစ်ပုဒ်ကတော့ ‘ရွာကျောင်းကို တဖြည်းဖြည်းမြင်ယောင်မိတယ် သတိရနေတယ် သူငယ်ချင်းရေ’ ဆိုတဲ့ အသီးတစ်ရာ အညှာတစ်ခုဆိုတဲ့ သီချင်းများ ကြားလို့ကတော့ ရွာမှာ မနေဖူးဘဲ ရွာကို လွမ်းမိသယောင်ပါ။

မှတ်မှတ်ရရ ကျွန်တော် ၇ တန်းနှစ်မှာ မန္တလေးတစ်မြို့လုံး ဒီဇာတ်ကားမှ မကြည့်ရသေးရင် လူမဖြစ်ဘူးလို့ ဆိုလောက်တဲ့ မုံရွေရည် ဇာတ်ကား ရုံတင်ပါတယ်။ တစ်ရက်ကျောင်းက ပြတင်းပေါက်ပေါင်ပေါ်ထိုင်လို့ ကျွန်တော့်သူငယ်ချင်း ပီတာမောင်မောင်လေး ဖီလင်အပြည့်နဲ့ ဆိုနေတဲ့ သီချင်းလေးကတော့ ‘ချစ်ရည်ရွှန်းလဲ့ မျက်ဝန်းလဲ့ပြာပြာ တိတ်တခိုးကြည့်ကာ ပီတိအဟုန် လွှမ်းခြုံခဲ့ရရှာ’ ဆိုတဲ့ ‘မျက်ဝန်းလဲ့ပြာပြာ’ သီချင်းက ခေတ်စားလာ၊ လူတိုင်း ပါးစပ်ဖျား ရောက်လာပါတယ်။

ကျွန်တော် ရှစ်တန်းကျောင်းသား ဖြစ်တဲ့အချိန်မှာ ဂီတလောကရဲ့ သမိုင်းအသစ်နာမည်ဆိုးနဲ့ စခဲ့ရပေမယ့် အခုတော့ ဂန္ထဝင်ဖြစ်နေတဲ့

လမ်းသရဲသီချင်းတွေကို စကြားရတော့တာပါပဲ။...

***

## အပိုင်း(၂)
## မိုနိုနဲ့စတီရီယို ဘယ်လိုခွဲပါ့မယ်

‘လမ်းသရဲသီချင်း’ လို့ နာမည်ဆိုး အတပ်ခံရတာတော့ ဒီသီချင်းကို သီဆိုတဲ့သူတွေကို ‘လမ်းသရဲ’ လို့ သတ်မှတ်ထားလို့ပါ။ ဒီသီချင်းတွေကို ဆိုကြတဲ့သူတွေ ဝတ်တာစားတာကလည်း အခုခေတ်လို ပြောရင်တော့ အလန်းဇယားတွေကိုးဗျ။ ဆံပင်တွေက ကျောလယ်ရောက်အောင် ဝဲနေ တယ်၊ ခေါင်းလောင်းဘောင်းဘီကလည်း ပွနိုင်သလောက်ပွ အင်္ကျီက ကိုယ်ကျပ်၊ ရင်ဘတ်ကဟပြဲ၊ လည်ပင်းမှာ Peace အထိမ်းအမှတ် ဆွဲကြိုး အဝိုင်းကြီးကလည်း ဟည်းနေတာပဲ။

အဲဒီခေတ်မှာ သီချင်းအမျိုးအစားကို သတ်မှတ်လိုက်ကြတာက ‘လမ်းသရဲ’ သီချင်းလို့ ခပ်နှိမ်နှိမ်လေး သတ်မှတ်လိုက်တဲ့ စတီရီယိုတေးရယ်၊ မိုနိုသီချင်းလို့ သတ်မှတ်ကြတဲ့ မြန်မာ သံစဉ်သီချင်းရယ်ပါ။ ဥပမာပြောရရင် အခုထွန်းထွန်းတို့ ပြန်ဆိုကြတဲ့ ‘မာမီရယ်ရှာပေးကွယ်’ လို သီချင်း မျိုးက ‘လမ်းသရဲ’ သီချင်း၊ စိုးစန္ဒာထွန်းလို ‘မောင့်အချစ်မြားအသည်းမှာစူး နတ်လည်း နတ်ချင်တော့ဘူးလေ’ ဆိုတာမျိုးက ‘မိုနိုသီချင်း’ ပေ့ါ။ အသံ ဖမ်းစနစ်ပေါ်မှာ မူတည်ပြီး ဒါကလည်း အလွယ် သတ်မှတ်လိုက်ကြတာပါ။ ဟိုအရင်က မိုနိုထရက်လို့ခေါ်တဲ့ အသံဖမ်းစနစ်မှာ အသံရော တီးလုံးပါ လိုင်းတစ်လိုင်းတည်းကနေ ရောပြီး ထွက်လာပါတယ်။ ဆောင်းဘောက် ဘယ်နှလုံးနဲ့ ဖွင့်ဖွင့် နှစ်ဖက်စလုံးက တစ်သံတည်း ထွက်ပါတယ်။ စတီရီယို စနစ်မှာတော့ အသံက တစ်ဖက်တစ်မျိုး ထွက်ပါတယ်။

ဆောင်းဘောက် နှစ်လုံးခွဲထားရင် တစ်ဖက်က လူသံတစ်ဖက်က တီးလုံး သံထွက်တာကို စတီရီယိုပေါ့။ ၃၆ လိုင်း လိုင်းလေးဆယ်ဆိုတာထက် ပိုလို့ တီးလုံးတစ်လုံး အသံတစ်ခုချင်းစီ တစ်သံချင်း ခွဲထုတ်နိုင်တဲ့ ခုခေတ်လို အချိန်မျိုးက ကလေးတွေကို ဒါများ ပြောပြရင် ဟားလိုက်ကြမယ့် ဖြစ်ခြင်း ပါပဲ။

နောက် ဒီလို မိုနိုသီချင်းမှာကို လိုင်းက ထပ်ခွဲလိုက်ကြသေးတယ် ဗျာ။ ရှေးသီချင်းနဲ့ ကာလပေါ်တေး ဆိုပြီးတော့။ အကြမ်းအားဖြင့်ပြောရင်တော့ စစ်ကြိုခေတ်နဲ့ စစ်ကြီးပြီးစခေတ်က သီချင်းတွေ မမြရင်တို့၊ မကြည်အောင် တို့၊ ဂီတာစိမ်းမောင်တို့၊ ဥဩဘသောင်တို့ဆိုခဲ့တဲ့ သီချင်းတွေ မေရှင်တို့၊ ပြည်လှဖေတို့ သီချင်းတွေက ရှေးသီချင်းဖြစ်ပြီး တွံတေးသိန်းတန်တို့၊ မာ မာအေးတို့၊ တင်တင်မြတို့၊ စန္ဒရားချစ်ဆွေတို့၊ ကိုသန်းလှိုင်တို့၊ ကိုတင်လှိုင် တို့၊ ကိုမြကြီးတို့၊ ကိုအံ့ကြီးတို့ ဆိုခဲ့ကြတဲ့သီချင်းတွေက ကာလပေါ်လို့ သတ်မှတ်ကြပါတယ်။

ဒီသီချင်းတွေမတိုင်ခင်မှာ ကျွန်တော် ၅ တန်း ၆ တန်း ကျောင်းသား အရွယ်လောက်မှာ ကျွန်တော်တို့နေတဲ့(၂၅ လမ်း၊ လမ်း၈၀ ကျုံးဘေးကို အနောက်ကျုံးလို့ မန္တလေးက လူတွေခေါ်ပါတယ်။) ကျုံးနဲ့နန်းမြို့ရိုးကြားက မြေကွက်လပ်မှာ အားကစားရုံတွေ ဆောက်ထားပါတယ်။

လက်ဝှေ့ဘတ်စကက်ဘော ဘော်လီဘော တင်းနစ်ကွင်းပေါ့။ မှတ်မှတ်ရရ စနေ တနင်္ဂနွေရက်တွေမှာ မြန်မာလက်ဝှေ့ပွဲတွေ၊ အင်္ဂလိပ် လက်ဝှေ့ပွဲတွေကို ကျင်းပတတ်ပါတယ်။ ဦးဆောင် ကျင်းပသူကတော့ ကျားဘညိမ်းပေါ့။

အဲဒီတုန်းက ပွဲမစခင်မှာ အမြဲဖွင့်တဲ့ သီချင်းတွေကတော့ ကွယ်လွန်သူ စွယ်စုံရမင်းသားကြီး ဝင်းဦးရဲ့သီချင်းတွေ များပါတယ်။ အများအားဖြင့်

ကတော့ မြို့မနဲ့တွဲဖက်ပြီး ဆိုထားတဲ့ သီချင်းတွေက ပိုအဖွင့်များပါတယ်။

'ချစ်ခွင့်မကြုံ လွမ်းရိပ်မြုံမှာ တစ်ကိုယ်ရေ အချစ်ရဲ့လင်းရောင်ခြည် မောင့်မှာ ဆိတ်သုဉ်း ခဲ့ပြီလေ' ဆိုတဲ့ စာသားအလှလေးတွေပါတဲ့ 'ပြုံးတဲ့မေ' သီချင်း ဖြေဆည်မရှင် တစ်ကိုယ်တည်း အားနည်းသည်ပင် မိုးသက်လေလေး ပွေလေအောင် သူဖန်ရင်... မှိုင်းပြာရီညို့ဆိုတဲ့ ဆရာမြို့မငြိမ်းရဲ့ နောက်ဆုံး လက်ရာလို့ မှတ်သားရဖူးတဲ့ 'တိမ်လွှာမို့မိုလွင်' သီချင်း၊ ထိုစဉ်လျှော် ခတ်သူလည်း တစ်ယောက်မပါ သူ့အလိုလိုသာပင်... မျက်စိမှိတ်လည်း စိတ်ထဲစွဲကာမြင် ဆိုတဲ့ နာမည်ကျော် ဆောင်းအိပ်မက်ရုပ်ရှင်ထဲက 'မပြီးသေးသော ပန်းချီကား' သီချင်း၊ ရုပ်ရှင် ဇာတ်ဝင်တေး တစ်ပုဒ်ဖြစ်တဲ့ 'အိုမောင် နော်ဇာရွှေကုံး ဂမုန်းခိုင်ရေ... ဆောင်ပို့မယ်မောင် တို့...' ဆိုတဲ့ 'မောင်တို့ချယ်ရီမြေ'သီချင်း၊ 'နောင်နောင် နောင်ဗိန်နောင် မောင်းသံ တဟီဟီ တီးလို့မောင် ရှမ်းမလေး တွေ့ဟန်ပြတာတောင် မာနတထောင်ထောင်' ဆိုတဲ့ 'ဘော်ကြိုသဘင်' သီချင်း၊ 'ပြုံးပြုံးကြီးကြည့်ကာ ကြည့်ကာ မောင့်ကို ပေးတော့မလိုနဲ့... လုပ်ရက်ပေ့ အမရာ' ဆိုတဲ့ 'သစ္စာ' သီချင်း၊ 'ကြက်ညီနောင် ရေဝယ်မျောစေ မြကြောရယ်တဲ့ ရွှေမင်းဝံတောင် လွဲတော့မရောင်'ဆိုတဲ့ 'ချစ်စကား' သီချင်း အစရှိတဲ့ သီချင်း တော်တော်များများကို အမြဲလိုလို နားထောင်ခဲ့ရပါတယ်။

နားထောင်ရတိုင်းလည်း ရင်ထဲကို ရောက်ပါတယ်။ အခုလို နှစ်ပေါင်းကြာတာတောင် သီချင်းတစ်ပိုင်း တစ်စကြားရင် ပြန်လို့ မှတ်မိနေပါသေးတယ်။ အဲဒီအချိန်တုန်းက ဝင်းဦးရဲ့အသံကို ကြက်တောသံ အောက် ကလိအာသံလို့ အချို့သော ဝင်းဦးကို မကြိုက်တဲ့ မနှစ်သက်သူများက သမုတ်ခဲ့ပြောခဲ့ အပြစ်တင်ခဲ့ဖူးကြပါတယ်။

သူ့အသံကလည်း ထူးခြားတာကိုးဗျ။ ဒါပေမဲ့ အခုခေတ်မှာ ဝင်းဦးသီချင်း

တွေကို လူပေါင်း တော်တော်များများက ခေတ်မီသော တူရိယာများ အသံဖမ်းစနစ်များကို အသုံးပြုလို့ ပြန်ဆိုကြတာကို နားထောင် ရပေမယ့် ဝင်းဦးဆိုတုန်းကလောက် ရင်ထဲရောက်မလာတာကိုတော့ အားနာနာနဲ့ ပြောရပါမယ်။ (အဟောင်းကြိုက်ကိုကို)လို့ ပြောရင်လည်း ကျေကျေနပ်နပ်နဲ့ ခံယူပါမယ်။

သည်နေရာမှာ ပြန်ဆိုကြတာနဲ့ပတ်သက်လို့ နည်းနည်းလေးတော့ ပြောချင်ပါတယ်။ ဝင်းဦး ကိုယ်တိုင်သည်လည်း သူများသီချင်း တော်တော်များများကို ပြန်ဆိုဖူးပါတယ်။ ကျွန်တော့်အမြင်ကို ပြောရရင် သီချင်းတစ်ပုဒ်ကို ဖန်တီးနေချိန် သီဆိုနေတဲ့အချိန်မှာ ရှိနေတဲ့ ခံစားမှု ကွာသွားတာကြောင့်လို့ပဲ တထစ်ချပြောရဲပါတယ်။

ဟိုးရှေးခေတ် မတိုးတက်သေးတဲ့ခေတ်မှာ သီချင်းတစ်ပုဒ်ကို ဖန်တီးကြတဲ့အခါမှာ ဆိုတဲ့လူ၊ တီးတဲ့လူ၊ မှုတ်တဲ့လူ အားလုံးဟာ သီချင်း သွင်းကြတဲ့အခါမှာ တစ်ပြိုင်တည်း တူညီသောခံစားမှုနဲ့ တီးကြ ဆိုကြ ရပါတယ်။ မှားတယ်ဆိုရင် အားလုံးအစက ပြန်စ၊ သည်တော့ မမှားအောင် ရင်ထဲမှာ စျာန်သွင်း နှစ်မြှုပ်လို့ သီချင်းတစ်ပုဒ် ချောချောမွေ့မွေ့ပြီးအောင်

ခံစားမှုအပြည့်နဲ့ မွေးဖွားခဲ့ကြတာပါ။

မစခင်ကတည်းကကို အဖန်ဖန်တလဲလဲ ကြေညက်အောင် သီချင်းတိုက်ပြီးမှ အကောင်းဆုံးဖြစ်အောင် ဖန်တီးခဲ့ကြပါတယ်။ တစ်နည်း ပြောရရင် အချိန်ကာလတစ်ခုအတွင်းမှာ ပါဝင်သူအားလုံးက အမှားအယွင်း မရှိအောင် ကောင်းအောင် ဝိုင်းဝန်းလို့ ဖန်တီးကြရတာပါ။ အခုခေတ်မှာ တော့ အရမ်းကို တိုးတက်သွားတော့ တီးန်တောင် ဒေါင်'ဆိုတဲ့အသံလေး ကို တောင် တစ်လိုင်းခွဲထည့်နိုင်လာတော့ အားလုံးစုပြီး ဆိုကြ တီးကြ သီချင်း အသံသွင်းတယ် ဆိုတာ လုံးဝမရှိတော့ပါဘူး။

အရင်လို အချိန်ပေးပြီး လူစုစရာမလို၊ မှားရင်လည်း အားလုံးပြန် တီးစရာ မလိုအောင် အချိန်တွေခွဲလို့ တစ်ပိုင်းစီ အလုပ်လုပ်ပြီးမှ ပြန်ပေါင်းတဲ့ စနစ်ကို အားလုံး ကျင့်သုံးကြပါတော့တယ်။ ဒရမ်တီးတဲ့လူကလည်း အားရင်လာ ဒုံးချပ်ဒုံးချပ် ဆိုပြီး တီးသွား၊ နောက်တစ်ယောက်ကလာ တီးတောင် တီးတောင် ထည့်သွား၊ ပြီးရင် လာထားတစ်ယောက် သူ တီးရမှာလေးကို ပေးထားတဲ့ နုတ်စ်ကိုကြည့် မမှားအောင်တီးသွား၊ ဆိုတဲ့ သူကလည်း အားတဲ့အချိန်လာ 'ကွစိ ကွိစိ' အော်ပြီးရင် အားလုံး ပေါင်းလိုက် သီချင်းတစ်ပုဒ် ဖြစ်ရောပဲ။

သည့်လို လုပ်တဲ့အတွက် ပျောက်ဆုံးသွားတာကတော့ ခံစားမှု အနုပညာပါ။ စုစုစည်းစည်းမလုပ်ဘဲ အခုလို အပိုင်းလိုက်ခွဲပြီး ဆိုကြတီးကြတာကြောင့် စုပေါင်းလို့ ဆိုကြတီးကြတဲ့ အချိန်မှသာ ကြွတက်လာတတ်သော၊ ရင်ထဲကို ရောက်လာတတ်သော အနုပညာလိပ်ပြာလေးက အနု ပညာဝတ်မှုန် မကူးတော့ပါဘူး။

အဲတော့ ကီးမှန်မယ်၊ စာသားမှန်မယ်၊ ခံစားမှုမပါဘူး သည့်တော့ သီချင်းက ကြွတက်မလာဘူးပေ့ါ။ ဒီတော့လည်း သီချင်းတစ်ပုဒ်က ရင်ထဲမှာ ကြာကြာ ကိန်းအောင်းမနေဘဲ ခဏနဲ့ ပျောက်သွားပါတော့တယ်။ ကျွန်တော်ကတော့ သည်နေရာမှာ အရင်ခေတ်က သီချင်းနဲ့ ခုခေတ်သီချင်း ကွာသွားတယ်လို့ ထင်ပါတယ်။

နောက် တချို့သီချင်းတွေကို မူရင်းအဆိုရှင်ကိုယ်တိုင် ပြန်ဆိုတယ် ဆိုရင်တောင် ပထမဆိုထားတာကို မမီဘူးလို့ ထင်ပါတယ်။ ပထမအကြိမ် ဆိုစဉ်က ဒီသီချင်းလေးအပေါ်မှာ၊ စာသားအပေါ်မှာ ခံစားမှုအပြည့်နဲ့ ဆိုတာပါ။ နောက်တစ်ခါပြန်ဆိုတော့ စာသားအပေါ်မှာ ခံစားမှုလျော့ပါးသွား ပြီး ဘယ်အပိုဒ်လေးရောက်ရင် ဘယ်လိုအသံအလှည့်လေးနဲ့ ဆိုလိုက်မယ်၊

အသံလေးကို ဘယ်လိုဆွဲထည့်လိုက်မယ်ဆိုတဲ့ အတတ်ပညာနဲ့ဖမ်းစားဖို့ ကြိုးစားကြတာကို တွေ့ရပါတယ်။

အဲဒီအခါမှ အသံအလှည့်အပြောင်းတွေ အတီးတွေက ပိုလှပြီုက လို့လာပေမယ့် အဆိုတော်ရဲ့ သီချင်းစာသားအပေါ်မှာ ထည့်ထားတဲ့ ခံစားမှုက လျော့ကျသွားတဲ့အတွက် အရင်ကလောက် လိုက်လှဲမှု မရှိတော့ဘူးလို့ ကျွန်တော်ကတော့ မြင်ပါတယ်။ ဒါကတော့ ပြန်ဆိုတေးက မူရင်းကိုမမီတဲ့ အကြောင်းလို့ ကျွန်တော်ကတော့ မြင်ပါတယ်။

ဥပမာပေးရရင် စိုင်းထီးဆိုင်ရဲ့ ‘ခြသေ့်လည်ပြန်’၊ ‘ငွေတောင် တန်းဆီသို့’ သီချင်းတစ်ပုဒ် ကျွန်တော် ကျောင်းသားဘဝ သူ ပထမဆုံး အကြိမ်ဆိုတုန်းက တီးလုံး အသံသိပ်မကောင်းဘူး။ ဒါပေမဲ့ နားထောင်ရတာ စေးစေးပိုင်ပိုင်နဲ့ အရသာသိပ်ရှိတယ် အသံဝဲတဲတဲလေးကို ရင်ထဲငြိခဲ့တာ။

ဒါပေမဲ့ အခု VCD ခေတ်မှာ သူ ပြန်ဆိုတယ်။ တီးလုံးတွေကတော့ ရှယ်ပါပဲ။ ဒါပေမဲ့ ဘိုထီးရဲ့ ခံစားမှုက လုပ်ဆွေးကြီးလို ဖြစ်နေတယ်လေ။ နားထောင်ရတာ အရင်လောက် ဟတ်မထိဘူးပေါ့ဗျာ။

ဆက်ပြောရဦးမယ်ဆိုရင် ရင်ထဲက လွမ်းစရာလေးတစ်ခုပေါ့နော်။ မန္တလေးမြို့ လမ်း ၈၀ တရုတ်တန်းနဲ့ ၃၂လမ်းထောင့် (အခုဗဟိုမုန့်ဆိုင်နေရာပေါ့)အရင်က လမ်းတောင်ဘက်အတွင်း ထောင့်လေးက ကုက္ကိုပင်ကြီးအောက်မှာ ကွပ်ပျစ်ကလေးတစ်ခု ချထားပါတယ်။ ညတော်တော်များများမှာ လူလတ်ပိုင်းအဖွဲ့တစ်ဖွဲ့က ဘင်ဂျို၊ မယ်ဒလင်၊ ပလွေပေါင်းစုံ တယော၊ ဘာဂျာ၊ လက်ဆွဲဘာဂျာ၊ အကော်ဒီယံတွေနဲ့ သီချင်းတွေကို ဝါသနာအရ ဆိုကြတီးကြတာကို လမ်းသွား လမ်းလာတွေထဲက ကြုံလို့ ဝင်နားထောင်သူရော၊ တမင်သက်သက်လာလို့ကို လာနားထောင်တဲ့သူ တွေရော အများကြီးပါ။ သူတို့ဆိုလေ့ရှိတဲ့ သီချင်းလေးတွေက အမြူး အသွက်

လေးတွေပါ။

အမှတ်မမှားဘူးဆိုရင် ကိုအံ့ကြီးသီချင်းတွေ များပါတယ်။ ရင်ထဲမှာ ခုထိ မှတ်မိနေတဲ့ သီချင်းလေးကတော့ 'ကြယ်ကလေးတွေ ချစ်စရာ အပြာရောင် ကောင်းကင်မှာ' ဆိုတဲ့ ညအလှဘွဲ့ 'ပြုံးတုံ့လှယ်' ၊ 'မြူမှုန်မှုန် ချိန်ခါဆို မြောက်ပြန်လေညင်း ငွေနှင်းဖွေးဖွေးစို' ဆိုတဲ့ လွမ်းစရာ ရာသီ ဘွဲ့'သုံးရာသီ'သီချင်း၊ 'ကျောင်းသွားဖော်ညီမလေး ဘယ်ဆီမှာ ဆုံစည်း ရှာ'ဆိုတဲ့ 'ကျောင်းသွားဖော်' သီချင်း၊ 'ဝေဆာ သခွတ်ဖြူပင်မင်း ငွေ အဆင်းပွင့်ချိန် မှာ... အုံ့ကာလေ တဖွဲဖွဲ ရွာလေတသဲသဲ'ဆိုတဲ့ ဟာသနှောထားတဲ့ 'ကသစ် ပန်း (ခ)သခွတ်ပန်း' မိုးဘွဲ့သီချင်းလေးတွေ ဖြစ်ပါတယ်။ အခုချိန် လသာည မှာ ပြန်စဉ်းစားမိရင် နားထဲမှာတောင် ကြားယောင်လာသယောင် လွမ်း စရာ ကောင်းလှပါတယ်။

ဒါနဲ့ပဲ လမ်းသူရဲ သီချင်းအကြောင်း ပြန်ဆက်ရမယ်ဆိုရင် တစ်ခုသော တန်ဆောင်မုန်း လပြည့်ညမှာပေါ့။ မန္တလေးမြို့ လမ်း ၈၀၊ ၂၆ ဘီလမ်းနဲ့ ၂၇ လမ်းကြား မှာရှိတဲ့ နာမည်တစ်လုံးနဲ့ နေတဲ့ တေးသံသွင်းကနေ မုန့်လုံးရေ ပေါ် စတုဒိသာ ကျွေးနေရင်းက တီးလုံးက ခပ်ဆန်းဆန်း၊ ဘေ့စ်သံ ခပ်များ များ၊ ဂစ်တာကြိုးအကြီးကို တီးလိုက်တဲ့အသံနဲ့ ဒရမ်ရိုက်ချက် ခပ်ပြင်းပြင်း တွဲဖက်လို့ 'ဒွန် တဒွန်ဒွန် ရွှတ်ရွှတ်...ဒွန် တဒွန်ဒွန် ရွှတ်ရွှတ်... အပေါ်ထပ်နဲ့ အောက်ထပ် ဇာတ်လမ်းတွေ့မှ တွေ့တတ်ပလေစမ်း' ဆိုပြီး ကွဲအက်အက် အသံနဲ့ သီချင်းကိုလည်း ဖွင့်ချလိုက်ရော လမ်းသွားလမ်းလာ တွေကအစက ဘာသံလဲဟလို့ စူးစမ်းရင်း ရပ်နားထောင်ရင်း လမ်းတစ် လမ်းလုံး စက်ဘီး တွေ လူတွေနဲ့ ပြည့်ကျပ်လို့ ပိတ်သွားပါလေရောဗျာ။

ခဏလည်းနေရော ရဲတွေရောက်လို့ လမ်းတွေရှင်း ဖွင့်ထားတဲ့ သီချင်းကို လည်း ပိတ်ခိုင်း လိုက်တော့တယ်။ ဒါကတော့ ရတနာပုံနန်းတည် မန္တလေး

ရွှေပြည်က အနုပညာမြို့တော်ကို လမ်းသရဲသီချင်းလို့ တွင်လာမယ့် သီချင်းတွေနဲ့ စတင်လို့ မိတ်ဆက်ခန်းပါပဲ။ အဆိုရှင်ကတော့ မြန်မာပြည်ရဲ့ ခေတ်ရှေ့ဦးဆောင် မင်းမင်းလတ်လို့ အမည်တွင်တဲ့ ကိုလတ်ကြီးဖြစ်ပြီး သည်သီချင်းကို မိတ်ဆက်ပေးတဲ့ တေးသံသွင်းကတော့ ယနေ့တိုင် မန္တလေးမြို့မှာ နာမည်တစ်လုံးနဲ့ ရပ်တည်နေတဲ့ လှိုင်းတေးသံသွင်းပါ ခင်ဗျာ။

ကဲ နောက်တစ်ပိုင်းကျရင် လမ်းသရဲသီချင်းလေးတွေအကြောင်း ဆက်လိုက်ရအောင် အခုတော့ အမြည်းလေး ပေးလိုက်တယ်ပေါ့...

***

## အပိုင်း(၃)

## အရင်က လမ်းသူရဲ အခုတော့ ဂန္ဓဝင်

'လမ်းသရဲသီချင်း'ကို ဆက်ပြီး ပြောရမယ်ဆိုရင် အဲဒီအချိန်တုန်းက ကျွန်တော်တို့မန္တလေးမှာ ကက်ဆက်ဆိုတာ မရှိသေးပါဘူး။ တိတ်ခွေကြီးတွေနဲ့ ဖွင့်ရတဲ့ တိတ်ရီကော်ဒါတို့၊ ဓာတ်ပြား အမည်းကြီးနဲ့ လက်လှည့်ပြီးဖွင့်ရတဲ့ ဓာတ်စက်တို့ဆိုတာက အိမ်တိုင်းမှာမရှိပါဘူး။ ဒီ မင်းမင်းလတ်ပိုးဝင်သွားပြီဆိုကတည်းက သူ့သီချင်းတွေကို အရမ်းကို နားထောင်ချင်လာတော့တာပါပဲ။ အဲဒီအခါမှာ ရီကော်ဒါလည်းရှိ၊ ဒီ မင်းမင်းလတ် ခွေတွေလည်းရှိတဲ့ ဘော်ဒါကို ရှာရတော့တာပေါ့။

ကျွန်တော်တို့ အဲဒီနှစ်နွေရာသီမှာ သန်းခေါင်စာရင်းတွေ ကောက်တာကို ကျောင်းကနေ လုပ်အား ပေးလိုက်ကြရပါတယ်။ အဲဒီတုန်းက ကိုသန်းစိန်ဆိုတဲ့ အစ်ကိုကြီးရယ် ကိုသာဒင်ဆိုတဲ့ အစ်ကိုကြီးရယ်၊ ကျွန်တော်ရယ် တစ်ဖွဲ့တာဝန်ကျပါတယ်။ ကိုသန်းစိန်တို့က ချမ်းသာပါတယ်။ သူ့အိမ်မှာလည်း တိတ်ရီကော်ဒါရှိတယ်လေ။ နောက် သူကလည်း သီချင်း ကြိုက်တယ်။ ကျောင်းရောက်တော့ ကိုသန်းစိန်ကြီးကို အပူကပ်ရတာပေါ့။ သူက ကျောင်းပိတ်ရက် သူ့အိမ်ကို လာခဲ့ဖို့ ခေါ်ပါတယ်။ ဒါပေမဲ့ သူ့အဖေ ကြီးရှိနေရင် ငြိမ်ငြိမ်နေဖို့ မှာပါတယ်။ သူတို့က ရှေးအဘိုးကြီး မဟုတ်လား။ သူ့အိမ်ကို ရောက်တာနဲ့ သူ့အဖေကြီးမရှိဘူး ဆိုတာနဲ့ အိမ်အောက်ထပ်မှာရှိတဲ့ ရီကော်ဒါကြီးကို‚မ၊ အပေါ်ထပ်ခိုးမှာရှိတဲ့ ကိုသန်းစိန်အခန်းထဲကိုယူ၊ အခန်းတံခါးကို လုံအောင်ပိတ်လို့ အပီအပြင် နားထောင်ကြတော့တာပဲ။

‘မြင်သူချစ်စရာ ဆေးဆိုးပန်းရိုက် မျက်နှာလေး စွဲမက်လောက်ရဲ့ကွယ်’ ဆိုတဲ့ ‘ဆေးဆိုးပန်းရိုက်မျက်နှာ’၊ ‘စိန်ပန်းကြွေချိန် သည်လမ်းတွေ ကို ကိုယ်လွမ်းတယ် ချောရယ်’ ဆိုတဲ့ ချောရယ်၊‘မြင်ရတာ မောင့်ရင်ထဲမှာ ဒိန်း တပ်တပ်’ဆိုတဲ့ ဒိန်းတပ်တပ်၊ ‘အိမ်ပြန်လာ တပေါင်း တစ်နေ့ ချစ်စရာနွေ’ ဆိုတဲ့’ ‘ယုဇနပင်နဲ့ဖဲကြိုးဝါ’၊ ‘တိမ်ပြာပြာနေ့တစ်နေ့ ဆန်းဒေးမှာ ကွယ် မင်္ဂလာဆောင်ပွဲလေး ကျင်းပနေတယ်’ ဆိုတဲ့ တနင်္ဂနွေနေ့မှာ မင်္ဂလာဆောင်မယ်တို့ တစ်ပုဒ်ပြီး တစ်ပုဒ် နားထောင်လို့မှ မဝသေးဘူး။ သူ့ အဖေကြီး ပြန်လာခါနီးပြီဆိုရင် သူ့အိမ်က လူတွေက အခန်းတံခါးကို လာ ခေါက်လို့ သတိပေးပါတယ်။ သူ့အဖေ ပြန်မလာခင် ပစ္စည်းတွေကို ခြေရာလက်ရာ မပျက်အောင် ပြန်ထားရပါတယ်။ သူ့အဖေကြီးက ဒီလို သီချင်းတွေ နားထောင်တာ လုံးဝမကြိုက်တော့ သိရင် အဆဲခံရပါတယ်။

ကျွန်တော် မှတ်မိသလောက် ပြောရရင် အဲဒီတုန်းက တက္ကသိုလ် ထွန်း နောင်ရဲ့ ‘ဆရာမ လေလားကွယ် ကျောင်းသူလေလားကွယ်’ ဆိုတဲ့ ‘ထဘီ စိမ်းစိမ်းလေးတို့ ညိုချောလေးရယ် ယဉ်ပါတယ်၊ ဘာကြောင့်များကွယ် ဖြူ ချင်တယ်တို့’၊ ‘လှည်းဘီးမျက်မှန်တို့’၊ နောက် တက္ကသိုလ်အေး မောင်ရဲ့ ‘မည်းမည်းကြီးလည်း ယူမှာပဲ’ဆိုတဲ့ ‘မာမီရယ်ရှာပေးကွယ်’ ‘လေးနာရီထိုး ပြီ မေလေး မောင့်ကိုစောင့်ကြိုမယ်’ဆိုတဲ့ ‘လေးနာရီ’ ဆိုတဲ့ သီချင်းတွေ နာမည်ကြီးပါတယ်။

ဒါပေမဲ့ အဲဒီခေတ်ဦးတုန်းက သီချင်းတွေက စာသားသိပ် မပီပြင်ဘူးလို့ နောက်ပိုင်းမှာ ခံစားရပါတယ်။ ဘာလို့လဲဆိုတော့ နိုင်ငံခြားသီချင်း တေး သွားအလိုက်ထဲကို မြန်မာစာသား ခေတ်ပေါ်စာလုံးတွေ ဗန်းစကားတွေကို ဇွတ်ထိုးသိပ်ထည့်ထားတာ များတယ်လို့ ထင်ပါတယ်။ (ဥပမာပေးရရင် အေးမောင်သီချင်းထဲမှာ ပျော့ပြန်ရင်လည်း ထမနဲလို့ ပျော့ရပေတာဆိုတဲ့

စာသားလေးမျိုးပေါ့။) ကျွန်တော်က ကျွန်တော် ခံစားရတာ ကြိုက်ခဲ့တာကို ပြန်ပြောပြတယ် ဆိုတော့ ဘယ်သီချင်းက အရင်ပေါ်တယ်၊ ဘယ်ဟာက နောက်မှ ထွက်လာတယ် ဆိုတာတော့ ကျွန်တော် အတိအကျမသိတာ မ မှတ်မိတာ အမှန်ပါပဲ။ မှားရင်တော့ ကျွန်တော်ညံ့လို့သာ မှတ်ပြီး ပြင်ပေး ကြပါနော်။

***